**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၅ / ၂၀၁၄)**
**နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**(၂၀၁၄ ခုနှစ်၊ ဩဂုတ် လ ၈ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန) သည်(၂၉-၃-၁၉၉၂)ရက်စွဲပါအမိန့်အမှတ် (၃/၉၂) ၏ အပိုဒ် ၁(ခ)ဖြင့် အောက်ဖော်ပြပါ တင်သွင်းမှုများအတွက် ကျသင့်သော သွင်းကုန်လိုင်စင်ကြေးများကို လက်ရှိအစီအစဉ်အတိုင်း အကောက်ခွန်ဦးစီးဌာနတွင်သာ ပေးဆောင်ရန် ထုတ်ပြန်ခဲ့ပါသည်-

(က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန) ၏ (၁၂-၇-၁၉၉၈) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၆/၉၈) အရ သွင်းကုန်ပါမစ်ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုသည့် ပစ္စည်းများတင်သွင်းခြင်း၊

(ခ) အကောက်ခွန်ဦးစီးဌာနက ခရီးသည်တင်ဝန်စည်အဖြစ်တင်သွင်းခွင့်ပြုသောပစ္စည်းများတင်သွင်းခြင်း၊

(ဂ) အထွေထွေခွင့်ပြုမိန့်ဖြင့် တင်သွင်းခွင့်ပြုထားသည့် အဖွဲ့အစည်းများက တင်သွင်းခြင်း၊

(ဃ) အစိုးရဌာနများ၊ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများက တင်သွင်းခြင်း၊ (နယ်စပ်ဒေသမှတစ်ဆင့် တင်သွင်းမည့် ပစ္စည်းများအပါအဝင်)

(င) တရားဝင် နယ်စပ်ကုန်သွယ်ရေး ပြုလုပ်သည့် နယ်စပ်ဒေသမှ တင်သွင်းခွင့်မပြုဘဲ အခြားနယ်စပ်ဒေသမှ တင်သွင်းခြင်း၊

၃။ အပိုဒ်(၂)ပါအစီအစဉ်အရ သွင်းကုန်လိုင်စင်/ပါမစ်မလိုဘဲ တင်သွင်းလာသော ကုန်ပစ္စည်းအတွက်သွင်းကုန်လိုင်စင်/ပါမစ်ကြေးကောက်ခံခြင်းအား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့်

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်အလို့ငှာ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ကင်းလွတ်ခွင့်ပြုလိုက်သည်။

ပုံ

ဦးဝင်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ၊ စက-၁၄ / ၁ (၃)-၂၀ / ၂၀၁၄ ( ၁၈ )
နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
၂၀၁၄ ခုနှစ် ၊ ဩဂုတ် လ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဥက္ကဋ္ဌ ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်

အမိန့်အရ

( ဦးဟန် )
ရုံးအဖွဲ့မှူး